# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 29 , 2022 Volume 55, Number 21

## ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ပန်းပုအလုပ်ရုံများတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က မှာယူသော ပုဂံသူ ညောင့်ကြိုပန်းပုရုပ်တုများ ထုလုပ်ပေးနေရ

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ပန်းပုအလုပ်ရုံများတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က မှာယူသော ပုဂံသူညောင့်ကြိုပန်းပုရုပ်တုများ ထုလုပ်ပေးနေရကြောင်း ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ဖွဲမြင့်မိုရ်ပန်းပုလုပ်ငန်းပိုင်ရှင် ဦးချစ်စံက ပြောပြ၍သိရသည်။

ယခုအခါ ပြည်တွင်းပန်းပုဈေးကွက် ပြန်လည်လည်ပတ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ပန်းပုထည်များ ပြန်လည်တင်ပို့နိုင်သည့် အနေအထားများရှိလာသည့်အတွက် ယခုကဲ့သို့ ပန်းပုရုပ်ကြီးများကို မှာယူလာခြင်းဖြစ်ကြောင်းသိရသည်။

“ဒီနှစ် နှစ်စကတည်းက ပန်းပုအလုပ်ရုံတွေ ပြည်လည်ပတ်လာပါပြီ။ ဒါပေမဲ့ အဲဒီတုန်းက အထည်ကြီး၊ အရုပ်ကြီးတွေ အော်ဒါမရဘဲ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေအတွက်ပဲ အမြင့် ခြောက်လက်မ၊ ရှစ်လက်မ၊ ကိုးလက်မအဲဒါမျိုးပဲ ထုလုပ်ရတယ်။ အမြင့် ၁၂ လက်မဆိုတာ မလုပ်ရသလောက်ပဲ။ အခုဒွန်လတတိယပတ်လောက်မှာ အရုပ်ကြီးတွေ အော်ဒါရလာတာပါ။ အခုဆိုရင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လထိ အော်ဒါရှိပါတယ်။ ပုဂံသူညောင့်ကြိုအရုပ်ကြီးတွေဖြစ်ပါတယ်။ အမြင့် ၃၆ လက်မပေါ့။ အရုပ် ၃၀ လောက် အော်ဒါရှိပါတယ်။ ကျွန်တော်တို့က လက်ခစားပဲ။ တစ်ရုပ်ကို လက်ခငွေကျပ်တစ်သိန်းယူပါတယ်” ဟု ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ဖွဲမြင့်မိုရ်ပန်းပုလုပ်ငန်းပိုင်ရှင် ဦးချစ်စံကပြောပြသည်။

လက်ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က မှာယူနေသည့် ကျွန်းသားဖြင့် ထုလုပ်ထားသည့် အမြင့် ၃၆ လက်မရှိ ပုဂံသူညောင့်ကြိုပန်းပုရုပ်တုမှာ ဈေးကွက်အတွင်း တစ်ရုပ်လျှင် ငွေကျပ် နှစ်သိန်းရှိကြောင်းသိရသည်။

လက်ရှိတွင် ပန်းပုထည်များကို ထုလုပ်ရာတွင် စိတ်ကြိုက်ပန်းပုရုပ်တုများ ထုလုပ်ခြင်းထက် ဈေးကွက်မှာယူသည့်အရွယ်အစား၊ ပုံစံကိုသာ အဓိကထားထုလုပ်နေရသော်လည်း လုပ်ငန်းများပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

### ၂၉.၆.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၂၅ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၄၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၅၂.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၁၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၆၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မလေးရှားနိုင်ငံ၌ စားအုန်းဆီဈေးနှုန်းကျဆင်းမှုကြောင့် စားအုန်းဆီစက်ပိုင်ရှင်များက ထုတ်လုပ်မှုယာယီရပ်ဆိုင်း



Source: ကြေးမုံသတင်းစာ

ကမ္ဘာ့စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ၌ စားအုန်းဆီဈေးနှုန်း သိသိသာသာကျဆင်းမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံအတွင်းရှိ စားအုန်းဆီစက်ပိုင်ရှင်များက ထုတ်လုပ်မှုယာယီရပ်ဆိုင်းခဲ့ကြောင်း စားအုန်းဆီစက်ပိုင်ရှင်များအသင်းမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ယခုဇွန်လအတွင်း စားအုန်းဆီဈေးနှုန်းသည် ၁၃ နှစ်ကျော်ကာလအတွင်း ကြီးကြီးမားမား ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်းနှင့် စားအုန်းဆီတစ်တန်ဈေးနှုန်း မလေးရှားရင်းဂစ် ၆၆၃၂ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၁၅၀၆ဒေါ်လာ) ရှိခဲ့ရာမှ ဇွန် ၂၇ ရက်တွင် စားအုန်းဆီတစ်တန်ဈေးနှုန်း မလေးရှားရင်းဂစ် ၄၉၂၂ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၁၁၁၇ ဒေါ်လာ)အထိ ကျဆင်းသွားခဲ့ခြင်းကြောင့် ၂၂ ရာခိုင်နှုန်း ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံမှ စားအုန်းဆီစက်ပိုင်ရှင်များသည် စားအုန်းဆီထုတ်လုပ်သည့်သီးနှံများကို ဝယ်ယူရာတွင် လစဉ်ပျမ်းမျှ စားအုန်းဆီဈေးနှုန်းပေါ်တွင် မူတည်ကာဝယ်ယူလျက်ရှိပြီး လက်ရှိလစဉ်ပျမ်းမျှ စားအုန်းဆီဈေးနှုန်းသည် တစ်တန်လျှင် မလေးရှားရင်းဂစ် ၆၂၀၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၁၄၀၈ ဒေါ်လာ)ခန့်ရှိကြောင်းနှင့်ထွက်ရှိလာသည့် စားအုန်းဆီများကို နေ့စဉ်ဈေးကွက်အပေါ်အခြေခံ၍ ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

**Source: ကြေးမုံသတင်းစာ**

## ကုန်သွယ်ရေးစခန်းများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက်နေ့မှ ဇွန်လ (၁၇) ရက်နေ့ထိ သစ်သီးဝလံများတင်ပို့မှုနှိုင်းယှဉ်ချက်စာရင်း

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

တန်ချိန်-ကိန်းပြည့်

| စဉ် | (၁၁.၆.၂၀၂၂ မှ (၁၇.၆.၂၀၂၂)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁၇.၆.၂၀၂၂)နေ့ထိ | | ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် (၁၇.၆.၂၀၂၁)နေ့ထိ | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၁၇.၆.၂၀၂၀)နေ့ထိ | |
|---|---|---|---|---|---|---|---|---|---|
| | သစ်သီးအမျိုးအစား | တန် | တန်ဖိုး | တန် | တန်ဖိုး | တန် | တန်ဖိုး | တန် | တန်ဖိုး |
| ၁ | ဖရဲသီး | | | ၁၀၄၂၄.၅၀ | ၁.၇၅၆ | ၉၅၉၃၅.၇၃ | ၈.၅၀၇ | ၁၄၂၄၄၆.၅၀ | ၁၃.၀၀၅ |
| ၂ | သခွားမွေး | | | ၃၃၆၁.၅၀ | ၀.၇၉၂ | ၄၃၀၂၉.၅၀ | ၈.၇၇၈ | ၃၂၆၀၅.၅၀ | ၆.၆၅၂ |
| ၃ | လိမ္မော်သီး | | | | | | | ၇၉၂.၀၀ | ၀.၁၀၅ |
| ၄ | သရက်သီး | ၁၇၀၇.၅၀ | ၀.၇၁၇ | ၁၃၇၇၈.၈၀ | ၅.၇၈၉ | ၂၈၆၄၅.၈၀ | ၁၂.၀၃၁ | ၃၉၁၈၀.၅၀ | ၁၆.၄၅၅ |
| ၅ | ပန်းသီး | | | | | ၂၆၀.၁၀ | ၀.၁၀၀ | | |
| ၆ | မင်းဂွတ်သီး | | | | | ၁၆.၅၀ | ၀.၀၀၂ | | |
| ၇ | နာနတ်သီး | | | | | ၁၅.၀၀ | ၀.၀၀၁ | ၁၀၀၀.၀၀ | ၀.၀၇၉ |
| ၈ | ထောပတ်သီး | | | ၅.၀၀ | ၀.၀၀၁ | | | | |
| ၉ | တစ်သျှူးငှက်ပျော | ၅၉၂၆.၀၀ | ၂.၂၄၃ | ၈၈၃၈၃.၀၀ | ၃၃.၉၂၄ | ၇၄၅၉၂.၀၀ | ၂၉.၀၄၉ | ၁၅၆၂၉၈.၀၀ | ၆၆.၀၆၈ |
| ၁၀ | သံပုရာသီး | | | | | | | ၁၅၀.၀၀ | ၀.၀၂၁ |
| ၁၁ | ငှက်ပျောသီး(ရိုးရိုး) | | | ၄.၅၀ | ၀.၀၀၁ | ၁၆၅.၀၀ | ၀.၀၂၈ | ၅၀၄၄.၀၀ | ၀.၇၃၅ |
| ၁၂ | အုန်းသီး | ၂၂.၀၀ | ၀.၀၀၉ | ၂၇၉.၀၀ | ၀.၁၁၂ | ၂၀.၄၆ | ၀.၀၀၈ | | |
| ၁၃ | MACADIMIA | | | ၅၀.၀၀ | ၀.၀၅၀ | ၅၇.၁၆ | ၀.၁၃၂ | | |
| ၁၄ | မက်မန်းသီး | | | ၂၆.၆၀ | ၀.၀၀၇ | ၁.၀၀ | ၀.၀၀၀၂ | | |
| | စုစုပေါင်း | ၇၆၅၅.၅၀ | ၂.၉၆၉ | ၁၁၆၃၁.၂၉ | ၄၂.၄၃၂ | ၂၄၂၇၃၈.၂၅ | ၅၈.၆၃၆၂ | ၃၇၇၅၁၆.၅၀ | ၁၀၃.၁၂ |

**Source: ကုန်သွယ်ဦးစီး**

## ကုန်သွယ်ရေးစခန်းများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက်နေ့မှ ဇွန်လ (၁၇) ရက်နေ့ထိ သစ်သီးဝလံများတင်သွင်းမှုနှိုင်းယှဉ်ချက်စာရင်း

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

တန်ချိန်-ကိန်းပြည့်

| စဉ် | (၁၁.၆.၂၀၂၂ မှ (၁၇.၆.၂၀၂၂)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁၇.၆.၂၀၂၂)နေ့ထိ | | ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် (၁၇.၆.၂၀၂၁)နေ့ထိ | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၁၇.၆.၂၀၂၀)နေ့ထိ | |
|---|---|---|---|---|---|---|---|---|---|
| | သစ်သီးအမျိုးအစား | တန် | တန်ဖိုး | တန် | တန်ဖိုး | တန် | တန်ဖိုး | တန် | တန်ဖိုး |
| ၁ | ပန်းသီး | ၁၉၅.၅၁ | ၀.၀၉၁ | ၁၀၆၂.၁၆ | ၀.၅၂၉ | ၆၇၃၂.၃၃ | ၂.၀၈၇ | ၃၃၀၆.၃၅ | ၁.၀၀၆ |
| ၂ | ပန်းသစ်တော်သီး | ၁၉.၈၅ | ၀.၀၁၂ | ၂၂၂.၆၆ | ၀.၁၂၅ | ၅၂၆.၈၃ | ၀.၁၆၇ | ၆၀၅.၀၀ | ၀.၁၈၃ |
| ၃ | ဒူးရင်းသီး | | | | | ၆.၄၀ | ၀.၀၀၄ | ၀.၆၅ | ၀.၀၀၀၄ |
| ၄ | လိမ္မော်သီး | ၄၁.၆၈ | ၀.၀၁၈ | ၈၈၉.၆၂ | ၀.၄၂၁ | ၅၇၆၃.၂၉ | ၁.၇၂၁ | ၃၄၇၁.၀၅ | ၁.၀၃၉ |
| ၅ | စပျစ်သီး | ၁၆.၉၂ | ၀.၀၁၅ | ၆၆.၉၁ | ၀.၀၆၆ | ၂၀၆.၄၅ | ၀.၁၃၇ | ၃၂၄.၄၅ | ၀.၁၅၇ |
| ၆ | သရက်သီး | | | ၄၇.၆၉ | ၀.၀၁၉ | ၇၃.၄၅ | ၀.၀၁၃ | ၃၃.၃၀ | ၀.၀၀၆ |
| ၇ | နဂါးမောက်သီး | | | ၁၀၁.၆၂ | ၀.၀၅၁ | ၇၈.၆၄ | ၀.၀၃၁ | ၂၅.၂၅ | ၀.၀၁၁ |
| ၈ | ရင်ငန်းသီး | ၁၀၈.၄၅ | ၀.၀၂၂ | ၇၀၈.၅၁ | ၀.၁၄၁ | ၈၉၉.၇၀ | ၀.၁၀၈ | ၃၈၀.၆၀ | ၀.၀၄၄ |
| ၉ | နန်းမြားသီး | ၄၃၆.၃၉ | ၀.၀၈၈ | ၇၁၁၇.၈၅ | ၁.၄၂၄ | ၂၀၀၇.၂၂ | ၀.၂၄၃ | ၄၁၂၈.၂၅ | ၀.၄၈၉ |
| ၁၀ | တည်သီး | ၇.၀၀ | ၀.၀၀၃ | ၇၀.၁၀ | ၀.၀၂၈ | ၃.၀၀ | ၀.၀၀၀၄ | | |
| ၁၁ | ဖရဲသီး | | | ၆.၀၀ | ၀.၀၀၁ | ၂.၀၀ | ၀.၀၀၀၃ | ၆.၀၀ | ၀.၀၀၁ |
| ၁၂ | သခွားမွေး | | | ၆.၀၀ | ၀.၀၀၁ | ၁၂.၀၀ | ၀.၀၀၂ | ၅.၈၀ | ၀.၀၀၁ |
| ၁၃ | ဆန်းကစ်သီး | | | | | ၅၀.၇၇ | ၀.၀၄၀ | | |
| ၁၄ | MACADIMIA | | | | | | | | |
| ၁၅ | ကီဝီသီး | ၁၀.၀၃ | ၀.၀၄၉ | ၁၀.၀၃ | ၀.၀၄၉ | ၀.၆၀ | ၀.၀၀၁ | | |
| | စုစုပေါင်း | ၈၃၅.၈၃ | ၀.၂၉၈ | ၁၀၃၀၉.၁၅ | ၂.၈၅၅ | ၁၆၃၆၂.၆၈ | ၄.၅၅၄၇ | ၁၂၂၈၆.၇၀ | ၂.၉၃၇၄ |

**Source: ကုန်သွယ်ဦးစီး**

## မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာ

မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအရောင်းအဝယ် ပြန်လည်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တတ်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေကပြောပြ၍ သိရသည်။

ယခင်က မန္တလေးဈေးကွက်အတွင်း ပဲလွမ်းပြာ အရောင်းအဝယ်မှာ အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် ပဲလွမ်းပြာကို ပြည်ပက ပြန်လည်ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း အရောင်းအဝယ်ပြန်လည် ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

“ယခုလက်ရှိအချိန်မှာ ပဲလွမ်းပြာတွေကို ပြည်ပကကော၊ ပြည်တွင်းကပါ ဝယ်ယူမှုပြန်များလာပြီး အရောင်းအဝယ်က အရင်ကထက်ပိုကောင်းလာတာကြောင့် အခုလက်ရှိဈေးနှုန်းပြန်ပြီး မြင့်တတ်လာပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇွန်လပထမပတ်အတွင်းက ပဲလွမ်းပြာသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇွန် ၂၆ ရက် ပေါက်ဈေးအရ ပဲလွမ်းပြာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ဈေးရှိပြီး ငွေကျပ် ၅၀၀၀ဈေးနှုန်းပြန်လည် မြင့်တက်လာကြောင်းသိရသည်။

“အခု လောလောဆယ်တော့ ပဲလွမ်းပြာ အရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်။ ပြည်ပကလဲ အဝယ်ပြန်များ လာတယ်။ အရင်ကပြည်ပဘက်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲလွမ်းပြာတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ကျောက်စီပန်းချီကားငယ်များ အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ယခုလအတွင်း အမှတ်တရလက်ဆောင်ပေးရန် ကျောက်စီပန်းချီကားငယ်များ ဝယ်ယူမှုများလာသောကြောင့် အရောင်းသွက်နေကြောင်း ဒဂုံမြို့နယ်ရှိ Image Art House မှ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်စပယ်ညိုမြင့်က ပြောပြ၍သိရသည်။

လက်ရှိကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်ရောဂါတွေ့ရှိမှု သိသိသာသာကျဆင်းသွားပြီဖြစ်သည့်အတွက် အလှူမင်္ဂလာပွဲများ ပြန်လည်ကျင်းပလာကြောင်း၊ အဆိုပါ မင်္ဂလာဆောင်များနှင့် အိမ်သစ်တက်၊ ဆိုင်သစ်ဖွင့်ပွဲများသို့ လက်ဆောင်ပေးရန်အတွက် (၁၈x၈) လက်မ အရွယ်အစားတန်ဖိုးသင့် ကျောက်စီပန်းချီကားငယ်များ အရောင်းသွက်နေကြောင်းသိရသည်။

"မေလကတည်းကစပြီးတော့ လက်ဆောင်ပေးဖို့ဆိုပြီး ကျောက်စီပန်းချီကားထဲမှာ အရွယ်အစားအသေးဆုံးဖြစ်တဲ့ (၁၈x၈)လက်မ ပန်းချီကားတွေ တော်တော်ရောင်းရတယ်။ ဈေးနှုန်းကလဲ တစ်ချပ်ကို ငွေကျပ် ၁၀၁၀၀ ပဲဆိုတော့ ဝယ်ယူတာများတယ်။ မေလကနေ ဒီနေ့ထိကို နေ့စဉ်အနည်းဆုံး အချပ် ၂၀၊ ၂၅ ချပ်လောက်ကို အရောင်းသွက်နေပါတယ်" ဟု ဒေါ်စပယ်ညိုမြင့်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း ကျောက်စီပန်းချီကားများသာမက ခေတ်ပုံကို ကျောက်စီပန်းချီကားအဖြစ်ရေးဆွဲပေးသည့် ကျောက်စီခေတ်ပုံကားချပ်များမှာလည်း မှာယူမှုများလျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## သီရိလင်္ကာနိုင်ငံက ရေနံကုမ္ပဏီများကို စက်သုံးဆီ တင်သွင်းရောင်းချခွင့်ပြုမည်

သီရိလင်္ကာအစိုးရက ရေနံထုတ်လုပ်သည့်နိုင်ငံများမှ ကုမ္ပဏီများကို ပြည်တွင်း၌ စက်သုံးဆီတင်သွင်းရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးက ဇွန် ၂၈ ရက်တွင်ပြောသည်။

ယင်းသို့ခွင့်ပြုမှုသည် နိုင်ငံအတွင်း စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရစဉ် စက်သုံးဆီပြတ်လပ်မှုကို ကျော်လွှားနိုင်ရေးအတွက် ကုမ္ပဏီကြီးနှစ်ခုကသာ စက်သုံးဆီ ရောင်းဝယ်ရေးကဏ္ဍတွင် လက်ဝါးကြီးအုပ်ထားသည့်စနစ်ကို အဆုံးသတ်လိုက်ခြင်းလည်း ဖြစ်သည်။

စွမ်းအင်ဝန်ကြီးက ကာတာနိုင်ငံသို့လည်းကောင်း၊ အခြားဝန်ကြီးတစ်ဦးက ရုရှားနိုင်ငံသို့လည်းကောင်း အသီးသီးသွားကာ စွမ်းအင်နှင့်ပတ်သက်၍ ဆွေးနွေးမှုများမလုပ်ဆောင်မီ အစိုးရအဖွဲ့၏ ယခုဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုသို့ နိုင်ငံအတွင်းလာရောက်ကာ စက်သုံးဆီရောင်းချမည့် ကုမ္ပဏီများသည် လုပ်ငန်းစတင်လုပ်ဆောင်သည့် အစောပိုင်းလများအတွင်း ဗဟိုဘဏ်နှင့်အခြားဘဏ်များမှ နိုင်ငံခြားငွေကြေးမလိုအပ်ဘဲ လုပ်ငန်းများကို လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးက ပြောထားသည်ဟုသိရသည်။

**Ref:TST**

https://www.myawady.net.mm/node/27357

## တရုတ်နိုင်ငံရှိ ဆိုင်နိုပက်ကုမ္ပဏီက ဟင်းချက်ဆီကို အသုံးပြုပြီး လေယာဉ်ဆီထုတ်လုပ်



https://www.myawady.net.mm

တရုတ်နိုင်ငံရှိ ဆိုင်နိုပက်ကော်ပိုရေးရှင်းက နိုင်ငံအရှေ့ပိုင်းရှိ စက်ရုံတစ်ရုံမှ နေ၍ ပထမဆုံးအကြိမ်အဖြစ် ဟင်းချက်ဆီကိုအသုံးပြုပြီး လေယာဉ်ဆီကို ထုတ်လုပ်လိုက်နိုင်ကြောင်း အဆိုပါ နိုင်ငံပိုင်ကော်ပိုရေးရှင်းက ဇွန် ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဆိုင်နိုပက်ကျန်ဟိုင်း ရေနံချက်နှင့်ဓာတုကုမ္ပဏီအတွင်းရှိ အဆိုပါ ဇီဝလေယာဉ်ဆီထုတ်လုပ်ရေးစက်ရုံသည် အသုံးပြုပြီးသား ဟင်းချက်ဆီကို အသုံးပြုကာ တစ်နှစ်လျှင် လေယာဉ်ဆီတန်ချိန်ပေါင်း ၁ သိန်းအထိ ထုတ်လုပ်နိုင်သည်။

ထို့ကြောင့် နိုင်ငံပိုင် ဆိုင်နိုပက်ကုမ္ပဏီအနေဖြင့် ဇီဝလေယာဉ်ဆီကို စီးပွားဖြစ် အမြောက်အမြား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ ဇီဝလေယာဉ်ဆီသည် သာမန်လေယာဉ်ဆီများထက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထက်ဝက်ကျော်ကျော်အထိ လျှော့ချနိုင်ကြောင်း ဆိုင်နိုပက်ကုမ္ပဏီက ထုတ်ပြန်ထားသည်။ ဆိုင်နိုပက်ကုမ္ပဏီသည် အဆိုပါ ဇီဝလေယာဉ်ဆီထုတ်လုပ်နိုင်ရေးအတွက် ၂၀၀၉ ခုနှစ်ကတည်းက သုတေသနပြုလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံအတွက် ပထမဆုံးသော လက်တွေ့အသုံးပြုနိုင်သည့် ဇီဝလေယာဉ်ဆီထုတ်လုပ်ရေး အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်အရောက်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဇီဝလေယာဉ်ဆီ လိုအပ်ချက်ပမာဏသည် လက်ရှိတွင် လီတာပေါင်း သုည ဒသမ ၁ ဘီလီယံသာရှိရာမှ ၂ ဘီလီယံမှ ၆ ဘီလီယံကြားအထိ မြင့်တက်လာနိုင်ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီက ၂၀၂၁ ခုနှစ် အကုန်ပိုင်းတွင် ခန့်မှန်းထားသည်။

**Ref:CNA**

https://www.myawady.net.mm/node/27359

## ပဲမျိုးစုံဈေးကွက် အရောင်းအဝယ်သွက်နေပြီး အမျိုးအစားအလိုက် အနည်းငယ်ဈေးမြင့်တက်လာ




ပဲမျိုးစုံဈေးကွက်မှာ ယခုသီတင်းပတ်အတွင်း အရောင်းအဝယ်သွက်နေပြီး အမျိုးအစားအလိုက် ဈေးနှုန်းအနည်းငယ်စီ မြင့်တက်လာကြောင်းနှင့် ကျွန်းစားတော်ပဲမှာမူ တစ်အိတ်ကျပ် ၃၀၀,၀၀၀ အထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ပို့ကုန်ကုန်းလမ်းကြောင်းတွင် အားကောင်းလာခြင်းကြောင့် ဈေးကွက်အတွင်း ကုလားပဲများမှာ အမျိုးအစားအလိုက် တစ်အိတ်ကျပ် ၂၀၀၀ မှ ကျပ် ၃၀၀၀ အထိ အသီးသီးဈေးမြင့်တက်လာ ကြောင်းသိရသည်။

အခြားပို့ကုန်ပဲများတွင် မတ်ပဲမှာ လက်ကျန်နည်းပါးနေသဖြင့် ဈေးအနည်းငယ်မြင့်တက်လာပြီး ဈေးကွက်အတွင်း စားအုန်းဆီ ပြန်လည်ဝင်ရောက်လာခြင်းကြောင့် မြေပဲဆံဈေးမှာမူ အနည်းငယ် ကျဆင်းလာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ) က ပြောသည်။

"ပဲနမ်းဈေးကွက် တစ်ခုလုံးအရောင်းအဝယ်ကောင်းနေပေမယ့် အမျိုးအစားအလိုက် တစ်အိတ်ကျပ် ၁၀၀၀-၂၀၀၀ ခန့်သာဈေးမြင့်တက်လာပါတယ်။ ကုလားပဲအုပ်စုကလည်း လက်ကျန်နည်းလာတော့ ဈေးနည်းနည်းမြင့်တက်လာတယ်။ မြေပဲဆံဈေးကတော့ စားအုန်းဆီဈေးကွက်ထဲရောက်လာတော့ တစ်ပိဿာ ကျပ် ၁၀၀-၁၅၀ လောက် ဈေးကျသွားပါတယ်။ ပို့ကုန်ပဲတွေမှာ မတ်ပဲဈေးက ၁၅၃၀၀၀-၁၅၅၀၀၀ ဈေးနဲ့ အဝယ်သွက်ပေမယ့် ဈေးကတော့ ထင်သလောက်တက်မလာပါဘူး။ ပဲတီစိမ်းအညာတွေဆိုရင် တစ်အိတ် ၁၄၀,၀၀၀ ပေါက်ဈေးဖြစ်လာပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းကတော့ ဈေးငြိမ်နေပါတယ်။ တရုတ်ပို့ကုန်လမ်းကြောင်းကောင်းလာတော့ ပဲဈေးကွက် အရောင်းအဝယ်သွက်နေပါတယ်။ ကျွန်းစားတော်ပဲကတော့ ထူးထူးခြားခြား တစ်အိတ်ကျပ် ၃၀၀,၀၀၀ အထိပေါက်ဈေးဖြစ်လာပါတယ်" ဟု ၎င်းက ပြောသည်။

**ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း**

ပို့ကုန် မတ်ပဲနှင့်ပဲတီစိမ်းမှာ ပုံမှန်အရောင်းအဝယ်ငြိမ်နေရာမှ ပို့ကုန်လမ်းကြောင်းများ ကောင်းလာခြင်းကြောင့် အဝယ်သွက်လာသည်။ ပို့ကုန်ပဲများမှာ အမြင့်ဈေးတွင် ရပ်တန့်နေခြင်းဖြစ်ပြီး ဇွန် ၂၂ ရက်နေ့တွင် ပဲစင်းငုံမှာ တစ်အိတ်ကျပ် ၁၃၀,၀၀၀ ခန့်ဖြင့် ဈေးတည်ငြိမ်နေသည်။ မတ်ပဲမှာ တစ်အိတ် ကျပ် ၁၅၅,၀မြင့်တက်လာသည်။ မတ်ပဲတစ်မျိုးသာပဲ လက်ကျန်နည်းလာတာကြောင့် ဈေးမြင့်တက်လာခြင်းဖြစ်သည်။

**မြေပဲ**

ပြည်တွင်းဈေးကွက်သို့ စားအုန်းဆီများ ပြန်လည်ဝင်ရောက်လာသဖြင့် ဈေးမြင့်တက်နေသည့် မြေပဲဆံမှာ အနည်းငယ် ဈေးပြန်လည်ကျဆင်းလာသည်။ ဇွန် ၂၂ ရက်တွင် S1မြေပဲဆံတစ်ပိဿာ ကျပ် ၄၂၀၀-၄၃၀၀ ဈေးသို့ကျဆင်းသွားသည်။ အနီလုံးဆံနှင့် အခြား အမျိုးအစားများမှာ တစ်ပိဿာ ကျပ် ၄၂၀၀ နှင့်အောက်တွင် ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ကုလားပဲဗိုတူး ကျပ် ၁၅၄,၀၀၀ ရှိကာ ကုလားပဲအမျိုးအစားအလိုက် တစ်အိတ် ၂၀၀၀-၃၀၀၀ ကျပ် ဈေးမြင့်တက်လာပြီး၊ ပဲယင်းတစ်အိတ် ကျပ် ၁၃၅,၀၀၀ ၊ ပဲကြီးတစ်အိတ် ကျပ် ၂၁၅,၀၀၀၊ ပဲထောပတ်တစ်အိတ် ကျပ် ၁၄၅,၀၀၀ ၊ စွန်တာပြာတစ်အိတ် ကျပ် ၁၃၃,၀၀၀၊ မြေထောက်ပဲတစ်အိတ် ကျပ် ၁၉၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ် ကျပ် ၃၀၀,၀၀၀ အသီးသီးပေါက်ဈေးရှိကြောင်းသိရသည်။

**Source: Myanma Awba**

## STOCK EXCHANGE (29.6.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,400 | 22 | 164,500 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,600 | 408 | 1,066,200 | 38,929,150 | 103,162 |
| MCB | 00003 | 7,100 | -100 | -1.39% | 7,100 | 7,100 | 7,100 | 14 | 99,400 | 10,400,986 | 73,848 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 20 | 50,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +100 | +4.00% | 2,600 | 2,600 | 2,600 | 10 | 26,000 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 2 | 10,000 | 10,497,598 | 52,488 |

### Market summary

As of 29th Jun. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.82 | +0.55 | +0.16% | 347.27 | 347.82 | 344.80 | 476 | 1,416,100 | 7 | 605,081 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 29th Jun. 2022

| MYANPIX | 347.82 ▲ 0.55 |
|---|---|
| Total Volume (shares) | 476 |
| Total Value (MMK) | 1 mil |
| Listed Company | 7 |
| Market Cap. (MMK) | 605,081 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,100 | ▼ 100 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 100 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR